မာတိကာ

- မြန်မာပြန်သူ၏အမှာလက်ရေးမူ i
- မြန်မာပြန်သူရဲ့အမှာ iii
- မူရင်းစာရေးသူရဲ့အမှာ vii
- နိဒါန်း ၁
- သမိုင်းဇယား အင်းစောက် ၇

၁။ မိုဟာမက် ၁၇
၂။ အိုက်ဆက်နယူတန် ၂၄
၃။ သခင်ယေရှု ၃၁
၄။ ဗုဒ္ဓ ၃၇
၅။ ကွန်ဖြူးရှပ် ၄၇
၆။ ရှင်ပေါလု (စိန့်ပေါလ်) ၄၈
၇။ ဆိုင်လန် ၅၇
၈။ ဂျိုဟန်ဂူတင်ဗတ် ၅၉
၉။ ခရစ်စတိုဖာကိုလမ်ဘတ်စ် ၆၄
၁၀။ အယ်လဘတ်အိုင်စတိုင်း ၆၉
၁၁။ လူဝီပါ့စချာ ၇၇
၁၂။ ဂယ်လီလီယို ဂယ်လီလေး ၈၂
၁၃။ အရစ္စတိုတယ် ၈၈
၁၄။ ယူကလစ် ၉၄
၁၅။ မိုးဇက် ၉၉
၁၆။ ချားလ်စ်ဒါဝင် ၁၀၃
၁၇။ ရှီဟွန်ဂ်တီ ၁၀၉
၁၈။ ဩဂတ်စတပ်စ်ဆီဇာ ၁၁၅
၁၉။ နီကိုလာ့စ်ကော်ပါးနီကပ်စ် ၁၂၀
၂၀။ အန်တွိုင်းလော်ရင့်လဗွိုင်ဆာ ၁၂၅
၂၁။ မဟာကွန်စတန်တင်း ၁၃၀
၂၂။ ဂျိမ်းစ်ဝပ် ၁၃၅
၂၃။ မိုက်ကယ်လ် ဖာရာဒေး ၁၃၉
၂၄။ ဂျိမ်းစ်ကလပ်မက်စဝဲလ် ၁၄၄
၂၅။ မာတင်လူသာ ၁၄၈
၂၆။ ဂျော့ဝါရှင်တန် ၁၅၅
၂၇။ ကားလ်မာ့က်စ် ၁၆၀
၂၈။ အောဗီလ်ရိုက်၊ ဝီလ်ဘာရိုက် ၁၆၆
၂၉။ ဂျဲန်ဂျစ်ခန် ၁၇၂
၃၀။ အဒမ် စမစ် ၁၇၇
၃၁။ အက်ဒွပ် ဒေဗရာ ၁၈၂
၃၂။ ဂျွန် ဒဲလ်တန် ၁၉၉
၃၃။ မဟာအလက်ဇန္ဒား ၂၀၄
၃၄။ နပိုလီယန် ဘိုနာပတ် ၂၁၁
၃၅။ သောမတ်စ် အယ်ဒီဆင် ၂၁၉
၃၆။ အန်တိုနီ ဗန် လီဥဝဲန်ဟောက် ၂၂၄
၃၇။ ဝီလီယမ် တီ ဂျီ မော်တင် ၂၂၉
၃၈။ ဂုဂလီယယ်မို မာကိုနီ ၂၃၅
၃၉။ အဒေါ့ဖ်ဟစ်တလာ ၂၃၉
၄၀။ ပလေတို ၂၄၇
၄၁။ အော်လီဗာ ကရွမ်းဝဲလ် ၂၅၂
၄၂။ အလက်ဇန္ဒား ဂရေဟမ်ဘဲလ် ၂၅၈
၄၃။ အလက်ဇန္ဒား ဖလဲမ်မင် ၂၆၂
၄၄။ ဂျွန်လော့ခ် ၂၆၇
၄၅။ လုဒ်ဝစ် ဗန် ဘီသိုဗင် ၂၇၂
၄၆။ ဝါနာ ဟေဆဲန်ဘာ့ဂ် ၂၇၆
၄၇။ လွီစ် ဒဂွဲယာ ၂၈၁
၄၈။ ဆီမွန် ဘိုလီဗား ၂၈၆
၄၉။ ရီနီဒေးကား ၂၉၂
၅၀။ မိုက်ကယ် အိန်ဂျဲလ်လို ၂၉၉
၅၁။ ရဟန်းမင်းကြီး ဒုတိယ အာဗင် ၃၀၃
၅၂။ ဥမာ အိဗ အယ်-ခတ္တဗ် ၃၀၇
၅၃။ အသောက ၃၁၂
၅၄။ စိန့်ဩဂတ်စတင်း ၃၁၅
၅၅။ ဝီလီယမ် ဟာဗေး ၃၂၀
၅၆။ အားနက်စ် ရုသာဖို့ဒ် ၃၂၆
၅၇။ ဂျွန် ကာလ်ဗင် ၃၃၁
၅၈။ ဂရီဂေါ် မဲန်ဒဲလ် ၃၃၇
၅၉။ မက်စ ပလင့်ခ် ၃၄၂
၆၀။ ဂျိုးဆက် လစ္စတာ ၃၄၆
၆၁။ နစ်ကိုလာ့စ် ဩဂတ်စ် ဩတို ၃၅၀
၆၂။ ဖရန်စစ်စကို ပီဇာရို ၃၅၆
၆၃။ ဟာနန်ဒို ကောတေ့စ် ၃၆၃
၆၄။ သောမတ်စ် ဂျက်ဖာဆင် ၃၇၀
၆၅။ မိဖုရား အဲ့ဇဘဲလာ (၁) ၃၇၈
၆၆။ ဂျိုးဆက် စတာလင် ၃၈၅
၆၇။ ဂျူးလီးယပ်စ် ဆီဇာ ၃၉၃
၆၈။ အောင်နိုင်သူ ဝီလီယမ် ၃၉၉
၆၉။ ဆစ်ဂမန် ဖရွိုဒ် ၄၀၃
၇၀။ အက်ဒဝပ် ဂျဲန်နာ ၄၁၁
၇၁။ ဝေလ်ဟဲမ် ကွန်ရက် ရောင့်တ်ဂျဲန် ၄၁၅
၇၂။ ဂျိုဟန် ဆေဗစတီယန် ဘာ့ချ် ၄၁၉
၇၃။ လောင်ဇု ၄၂၄
၇၄။ ဗော်လ်တဲ ၄၂၉
၇၅။ ဂျိုဟဲန်နက်စ် ကက်ပလာ ၄၃၅
၇၆။ အဲန်ရီကိုဖာမီ ၄၄၀
၇၇။ လီယိုနဒ် ယူလာ ၄၄၅
၇၈။ ဇန်ဂျက်ကွီရှူးဆိုး ၄၅၁
၇၉။ နစ်ကိုလို မက်ခီယာဗယ်လီ ၄၅၇
၈၀။ သောမတ်စ်မေးလ်သပ်စ် ၄၆၃
၈၁။ ဂျွန်ဖစ်ဂျရယ် ကနေဒီ ၄၆၉
၈၂။ ဂရယ်ဂေါ်ရီ ပင်ကပ်စ် ၄၇၄
၈၃။ မနီ ၄၈၁
၈၄။ လီနင် ၄၈၈
၈၅။ ဆွိဝဲန်တ ၄၉၅
၈၆။ ဗစကို ဒဂါးမား ၅၀၀
၈၇။ မဟာဆိုင်ရပ်စ် ၅၀၈
၈၈။ မဟာပီတာ ၅၁၅
၈၉။ မော်စီတုန်း ၅၂၇
၉၀။ ဖရန်စစ် ဘေကွန် ၅၂၉
၉၁။ ဟင်နရီ ဖို့ဒ် ၅၃၇
၉၂။ မဲန်စီယပ်စ် ၅၄၂
၉၃။ ဇော်ရောအက်စတာ ၅၄၇
၉၄။ ဘုရင်မ ပထမ အယ်လီဇဘက် ၅၅၂
၉၅။ မိခေးလ် ဂေါ်ဗာချော့ဗ် ၅၆၀
၉၆။ မဲန်နက်စ် ၅၇၄
၉၇။ သျှာလမိန်း ၅၇၈
၉၈။ ဟိုမာ ၅၈၆
၉၉။ ပထမ ဂျပ်စတီနီယန် ၅၉၀
၁၀၀။ မဟာဝီရ ၅၉၆

- ပထမပုံနှိပ်ခြင်းမှာ ပါခဲ့ပေမယ့် ဒုတိယပုံနှိပ်ခြင်းမှာ ထုတ်နုတ်ထားခဲ့ရတဲ့ ပုဂ္ဂိုလ်များ ၆၀၁
  - ပက်ဗလို ပီကာဆို ၆၀၁
  - အဲန်တွိုင် ဟဲန်နရီ ဗက်ကွာရယ် ၆၀၅
  - နီးစ် ဘော ၆၁၀
- ထိတ်ထိတ်ကြဲထဲ မပါပေမယ့် ဒီလူတွေကို မထိမ်သင့် ၆၁၅
  - စိန့် တောမတ်စ် အကွိနာ့စ် ၆၁၉
  - အာခီမဒီစ် ၆၂၁
  - ချားလ်စ် ဘက်ဘေ့ချ် ၆၂၄
  - ချော့ပ်စ် ၆၂၇
  - မာရီ ကျူရီ ၆၃၀
  - ဘဲန်ဂျမိန် ဖရန်ကလင် ၆၃၃
  - မိုဟန်ဒပ်စ် ဂန္ဓီ ၆၃၆
  - ဒေဗရာဟမ် လင်ကွန်း ၆၃၉
  - ဖာဒီနန် မဂ္ဂယ်လန် ၆၄၂
  - လီယိုနာဒို ဒ ဗင်ချီ ၆၄၅
- နောက်ဆုံးမှတ်ချက် နည်းနည်းပြောချင်သေးတယ် ၆၄၉
- ဇယား (က) ၆၅၁
- ဇယား (ခ) ၆၅၂
- ဇယား (ဂ) ၆၅၇

●

မြန်မာပြန်သူရဲ့အမှာ

World Famous Books in Outline ဆိုတဲ့ စာအုပ်တစ်အုပ်ကို သတိရပြီး စာအုပ်စင်က ထယူလိုက်တယ်။ စာအုပ်မှာ ကျွန်တော့်ငယ်သူငယ်ချင်း နာမည်ကိုတွေ့တယ်။ သူ့ဆီက ငှားထားတာ အနှစ်ငါးဆယ်ရှိပြီ။ နာမည်ကြီးတဲ့စာအုပ်ဆိုရင် ကျွန်တော် ရအောင်ရှာထားတယ်။ ဖတ်ကြည့်ပြီး ကျွန်တော်ကြိုက်ရင် အင်္ဂလိပ်က မြန်မာ၊ မြန်မာက အင်္ဂလိပ်ပြန်တယ်။ ပုံနှိပ်ထုတ်ဝေဖြစ်အောင်လည်း ကြိုးစားတယ်။ ကမ္ဘာကျော် စာအုပ်တွေအကျဉ်းကို ဘာပြုလို့ မြန်သလဲလို့ မေးချင်ကြတယ်ထင်ပါတယ်။ အဲဒီစာအုပ်မှာ ပုံနှိပ်တဲ့အဖွဲ့အစည်းနာမည်က -

The Home Library Club
conducted under the point management of
The Times of India-the Statesman
Associated Newspapers of Ceyan Ltd.

သီဟိုဠ် (သီရိလင်္ကာ) ပြည်ထွက်၊ ပုံနှိပ်တဲ့နှစ်မပါဘူး။ စာအုပ်တစ်အုပ်စီတပဲဖြစ်ဖြစ်၊ ငါးဆယ့်ငါးအုပ် အကုန်လုံးကိုပဲဖြစ်ဖြစ် ဘယ်သူက အချုပ်ရေးတယ်လို့ မပါဘူး။ အဲဒီတော့ စာအုပ်ကို အထင်သေးစရာဖြစ်သွားတယ်။ ပါဝင်တဲ့စာအုပ်တွေကတော့ တကယ့်ကို ကြီးကျယ်တဲ့စာအုပ်တွေပါ။ ဥပမာ မဟာဝံသ (မဟာဝင်) (မြန်မာပြန်ရှိသလို ဂျာမန်ဘာသာပြန်၊ အင်္ဂလိပ်ဘာသာပြန်လည်း ရှိတယ်)ကို မိတ်ဆက်ပေးတဲ့အခါ

> *"မဟာဝံသ (ရာဇဝင်ကြီး)ကို ခြောက်ရာစုနှစ်က ဒီဃသန္တကျောင်းတော်နေ မဟာသာမက ပါဠိဂါထာအနေနဲ့ ရေးတယ်။ မူရင်းက သီဟိုဠ်ဘာသာစကားမြေနဲ့ ရေးပြီး ရှိတာကို ပါဠိဘာသာနဲ့ ဂါထာစီပြီး ဘာသာပြန်ခဲ့တယ်။ မူရင်းက အခု ရှာမတွေ့တော့ပါ။ ဥရောပဘာသာစကားနဲ့ ပထမဆုံး ဘာသာပြန်တဲ့ ကျမ်းဖြစ်ပါတယ်။"*

ဒီလိုမိတ်ဆက်စကားနဲ့ပဲ ဒီအကျဉ်းကို ဖတ်ချင်အောင် ဆွဲဆောင်နိုင်ပါ

တယ်။ ဒါပေမယ့် ကျွန်တော် မဖတ်ပါ။ ဘာပြုလို့လဲဆိုတော့ မြန်မာပြန်နဲ့ အင်္ဂလိပ်ပြန်ကို အခေါက်ခေါက်ဖတ်ထားလို့ ဖြစ်ပါတယ်။

> "လီယိုတောစတွိုင်ရဲ့ စစ်နဲ့ငြိမ်းချမ်းရေး ဆိုရင် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ဖို့နဲ့ ဇာတ်ကွက်၊ ဇာတ်အိမ်ဆင်တဲ့နေရာမှာ သိပ်ပြီး အသေးစိပ်နိုင်နိုင်နင်းနင်း ရေးနိုင်ပြီး အတွေးအခေါ်မှာလည်း သိပ်နက်ရှိုင်းလေတော့ ဒီစာရေးဆရာကို ဥရောပရဲ့ စာရေးဆရာတွေထဲမှာ သူလည်း ထိပ်တန်းကပါတယ်။ နပိုလီယံ စစ်ပွဲ ၁၈၀၀ ခုနှစ်တွေအတွင်းက ရုရှနိုင်ငံကြီးရဲ့ အခြေအနေကို မြင်ကွင်းကျယ်ရေးပြထားပြီး (၁၈၆၀ က ပုံနှိပ်ဖြန့်ဝေခဲ့တာဖြစ်လို့) ရေးခဲ့ဖူးသမျှ အံ့ဩစရာကောင်းလောက်အောင် ပြဇာထက်မြက်တဲ့ စာပေထဲမှာ ဒီဝတ္ထုရှည်ကြီးလည်းပါတယ်။ သမိုင်းကို ဒဿနနဲ့ တိုင်ချည်ဖောက်ချည်လုပ်ပြီး ရက်လုပ်ထားတဲ့အခါ လူ့လောက၊ လူသားတွေရဲ့သဘောသရုပ်ကို ကွက်ကွက်ကွင်းကွင်း ဖော်ပြတယ်။ ချီးတာဆိုပေမယ့် အကြမ်းပုံပေါ်အောင် လုပ်ရတာကပဲ မနိုင်မနင်းဖြစ်နေပါတယ်။ ဒီစာအုပ်ရဲ့အရသာကို တကယ်သိချင်ရင်တော့ မူရင်းကို မဖြစ်မနေဖတ်ရပါလိမ့်မယ်။"

အဲဒါနဲ့ မူရင်းကို ကျွန်တော်မနည်းကုန်အောင် ဖတ်လိုက်ပါတယ်။ မူရင်းကို ဖတ်ဖြစ်အောင်ဖတ်ပါဆိုလို့ ကျွန်တော်က အကျဉ်းချုံ့ထားတာကို မဖတ်ဖြစ်တော့ပါ။

ကျော်စွာ ၁၀၀ ကိုတော့ အပေါ်ကပြောတာရဲ့ ပြောင်းပြန်ကို ပြောရမှာဖြစ်ပါတယ်။ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေကို စာမျက်နှာပေါင်းများစွာ အုပ်တွဲပေါင်းများစွာ ရေးထားပြီးရှိနေပါတယ်။ သမိုင်းလေ့လာသူဖြစ်လို့ ဒီပုဂ္ဂိုလ်ကြီးတွေရဲ့အကြောင်းကို အပြန်ပြန်အခေါက်ခေါက် ဝေဖန်တယ်။ သမိုင်းအခြေခံထားပြီး တန်ဖိုးဖြတ်တယ်။ အခု သမိုင်းဆရာမဟုတ်တဲ့ သာမည စာရေးဆရာတစ်ယောက်က လူကျော်တစ်ဦးရဲ့အကြောင်းကို စာ ငါးမျက်နှာလောက်နဲ့ ချုံ့ရေးပေးတော့ ဖတ်ရတာ အရသာတစ်မျိုးပေါ်တယ်။ သူ့ဆုံးဖြတ်ပုံက

(၁) ဘယ်အခြေခံနဲ့ ဒီပုဂ္ဂိုလ်ဟာ ကြီးမြင့်လာရပါသလဲ၊
(၂) ဒီလူရဲ့အစွမ်းနဲ့ လူတွေဘယ်လောက်များများ အကျိုးခံစားရသလဲ၊
(၃) ဒီလူ့ကျေးဇူးကို လူတွေ ဘယ်လောက်ကြာကြာ ခံစားရပါသလဲ၊

အဲဒီမေးခွန်းသုံးခုနဲ့ပဲ လူတွေကို ပထမ၊ ဒုတိယဆိုပြီး တန်းစီလိုက်တယ်။ အဲဒီလိုလုပ်ပုံကို ကျွန်တော်ကြိုက်တယ်။ ဒါပဲ သမိုင်းနည်းကျတယ်၊ ဒါကြောင့် ကျော်ကြားတဲ့စာအုပ်ကို မြန်မာဘာသာမပြန်မိဘဲ ဒီစာအုပ်ကျတော့မှ မြန်မာဘာသာပြန်မိပါတယ်။

လူနာမည် ဒေသနာမည်တွေကို မြန်မာအက္ခရာနဲ့ ရေးတဲ့အခါ မှန်ရဲ့လားဆိုတဲ့ ပြဿနာရှိပါတယ်။ ဒီကိစ္စကို ဥပမာတွေနဲ့ပဲ ပြောရမယ်။ ကျွန်တော်

အင်္ဂလန်လေးနှစ်၊ ဂျပန်ငါးနှစ်၊ အမေရိကာသုံးနှစ် နေဖူးတယ်။ သန်းထွန်းဆိုတဲ့ နာမည်ကို ကုလား၊ တရုတ်၊ အမေရိက၊ ဂျပန် မှန်အောင်မခေါ်တတ်ပါ။ သန်ဒန်တက္ကသိုလ်အဓိပတိ မင်းသမီးအဲန်က ၁၅ မတ် ၁၉၉၀ ဗစ်တိုရိယနဲ့ အယ်လဗတ်ဟော ဘွဲ့နှင်းသဘင်မှာ ကျွန်တော့်ကို **D.Lit** ဘွဲ့ပေးဖို့ အဓိပတိရှေ့ကို ဝင်လာဖို့ခေါ်တဲ့အခါ ကျွန်တော့်နာမည်ကို မှန်မှန်ခေါ်မှဖြစ်မယ်ဆိုပြီး သန်ဒန်တက္ကသိုလ် မော်ကွန်းထိန်းက သူခေါ်တဲ့အခါ အသံထွက်မှန်ဖို့ ကျွန်တော့်ဆီကိုလာပြီး နာမည်အသံထွက်မေးတယ်၊ ဆိုကြည့်တယ်။ ပြင်သစ်မြန်မာအဘိဓာန်လုပ်တဲ့ **Madame Bernolt** ကို သူ့ရွတ်ပြတဲ့အတိုင်း လိုက်ပြီးထွက်ကြည့်ပါတယ်။ အခုထိမှန်အောင် မခေါ်တတ်ပါ။ ရှေးရှေးက **Burma, Rangoon** ဆိုတာတွေကို ဘာပြုလို့ နာမည်သစ်တွေပေးနေတာလဲလို့ နိုင်ငံခြားမှာ ကျွန်တော့်ကို မေးကြတော့ နာမည်သစ်မဟုတ်၊ နာမည်မှန်လို့ ရှင်းရတယ်။ **Mubyne (Bombay), Bejing (Peking), Melborn (l သံမပါ), Greenwich (w သံမပါ), Sa-v-di, Sa-id,** ဆိုတာမျိုးတွေပေါ့။ ရှေးက မြန်မာတွေရေးတဲ့ ရောမ **(Rome)**၊ ဥရောပ **(Europe)**၊ အီစပါညို **(Spain)**၊ ဣသရေလ **(Isreal)**၊ ပါရီ **(Paris)**၊ ကောရေယ **(Korea)** ဆိုတာတွေမှန်တယ်။ အခု ကျွန်တော်တို့ခေါ်နေတာက မှားတယ်။ အတိုချုပ်ပြောချင်တာကတော့ ဆိုင်ရာဆိုင်ရာတွေကို ရောက်တော့မှ ကျွန်တော်တို့ အင်္ဂလိပ်ခေါ်သလို လိုက်ခေါ်နေတာ မှားမှန်းသိပါတယ်။ ကျွန်တော်လည်း သိသလောက်ပြင်တယ်။ အီတလီ၊ ပြင်သစ်၊ ဂျာမန်နာမည်တွေကို ကျွန်တော်ရေးတာလည်း မှားဖို့နဲ့ မှန်ဖို့မှာ မှားဖို့က များပါတယ်။

အတ္ထုပ္ပတ္တိအကျဉ်းရေးထားတာ ကျွန်တော် ဖတ်ဖူးသမျှတွေထဲမှာ ဒီစာအုပ်က တော်တော်ကောင်းတယ်။ ပြီးတော့ လူပုဂ္ဂိုလ်တစ်ဦးစီရဲ့ အတ္ထုပ္ပတ္တိကို သန့်သန့်ရှာဖွေပြီး အကျယ်ရေးထားတာတွေ အများကြီးဖတ်ဖူးတယ်။ အခုစာအုပ်က သိကောင်းစရာ အရေးကြီးတာတွေကို လေးငါးမျက်နှာနဲ့ သိရလို့ ကျေးဇူးတင်ပါတယ်။ မြန်မာပရိသတ်လည်း ဖတ်စေချင်တယ်။ ဒါနဲ့ မြန်မာပြန်ဖြစ်ပါတယ်။

သန်းထွန်း
၂၂ နိုဝင်ဘာ၊ ၂၀၀၀
ကွန်သာယာ
၁၅၅ က၊ ယောဂီကျောင်းလမ်း၊
လှိုင် ၁၁၊ ရန်ကုန်။